## လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးဌာန

## မြေစာရင်းဌာနစု

## (မြန်မာနိုင်ငံ မြေစာရင်းဝန်ထမ်း (အငယ်တန်း) အဖွဲ့နည်းဥပဒေများ)

## အမှတ် ၁၄၃

## ရန်ကုန်မြို့၊ ၁၃၂၉ ခု၊ တော်သလင်းလဆန်း ၁၃ ရက်။

## (၁၉၆၇ ခု၊ စက်တင်ဘာလ ၁၆ ရက်။)

အမှတ် ၁၄၃။ ။မြန်မာနိုင်ငံမြေစာရင်းဝန်ထမ်း (အငယ်တန်း) အဖွဲ့တွင် အဖွဲ့ဝင်များ ခန့်ထားရေးနှင့်စပ်လျဉ်း၍၊ လိုအပ်သောအရည်အချင်း သတ်မှတ်ရန်နှင့် အမှုထမ်းစည်းကမ်းများကို သတ်မှတ်ရန် အလို့ငှါ၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် တိုင်ပင်၍ အောက်ပါနည်းဥပဒေများကို ပြဋ္ဌာန်းလိုက်သည်။

### အပိုင်း ၁

### ပဏာမ

၁။ ။ (၁) ဤနည်းဥပဒေများကို **မြန်မာနိုင်ငံ မြေစာရင်းဝန်ထမ်း (အငယ်တန်း) အဖွဲ့နည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

(၂) ဤနည်းဥပဒေများသည်၊ ၁၉၆၇ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစတင်အာဏာတည်ရမည်။

၂။ ။ ဤနည်းဥပဒေများတွင်၊ စကားရပ်များသည်၊ အောက်ပါအတိုင်းအဓိပ္ပါယ်သက်ဝင်စေရမည်။

(က) "ဝန်ထမ်းအဖွဲ့" ဆိုသည်မှာ၊ မြန်မာနိုင်ငံ မြေစာရင်းဝန်ထမ်း(အငယ်တန်း)အဖွဲ့ကိုဆိုလိုသည်။

(ခ) "ဝန်ထမ်းအဖွဲ့ဝင်" ဆိုသည်မှာ၊ ဝန်ထမ်းအဖွဲ့တွင် ဤနည်းဥပဒေများပါပြဋ္ဌာန်းချက်များအရ၊ ခန့်ထားခြင်းခံရသူကိုဆိုလိုသည့်ပြင်၊ ထိုစကားရပ်တွင် ဤနည်းဥပဒေများမပြဋ္ဌာန်းမီက အပိုလက်ထောက် လယ်ဝန်ရာထူးတွင်ခန့်ထားခြင်းခံရသူလည်းပါဝင်သည်။

(ဂ) "သတ်မှတ်သည့်" ဆိုသည်မှာ၊ အစိုးရကဤနည်းဥပဒေများအရ၊ လိုအပ်သောအမိန့်ဖြင့်သတ်မှတ် ခြင်းကိုဆိုလိုသည်။

### အပိုင်း ၂

### ဝန်ထမ်းအဖွဲ့ဝင်ဦးရေ

၃။ ။ ဝန်ထမ်းအဖွဲ့တွင် ခွင့်ပြုအဖွဲ့ဝင်ဦးရေမှာ၊ အစိုးရက အခါအားလျော်စွာ သတ်မှတ်သည့်အတိုင်း ဖြစ်ရမည်။

### အပိုင်း ၃

### အဖွဲ့ဝင်များခန့်ထားခြင်း

၄။ ။ (၁) ဝန်ထမ်းအဖွဲ့တွင် အဖွဲ့ဝင်များကို ပြည်ထောင်စုမြန်မာနိုင်ငံကြေးတိုင်နှင့် မြေစာရင်းမင်းကြီးက သက်ဆိုင်ရာအုပ်ချုပ်မှုဌာနမှတဆင့် ရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းတိုင်ပင်၍-

(က) ယှဉ်ပြိုင်ခြင်းနည်းစံနစ်ဖြင့် စာမေးပွဲကျင်းပခန့်ထားရမည်။ ထို့ပြင်

(ခ) ကြေးတိုင်နှင့်မြေစာရင်း ဌာနခွဲတွင်အမှုထမ်းရွက်လျက်ရှိသောမြေစာရင်း အင်စပက်တော်ရာထူးအဆင့်အတန်းအောက်မနိမ့်သော အမှုထမ်းများအနက်၊ သက်ဆိုင်ရာ ခရိုင်လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မီတီကရွေးချယ်၍ အမည်တင်သွင်းခြင်းခံရသူများမှ ရွေးချယ်ခန့်ထားရမည်။

(၂) နည်းဥပဒေခွဲ (၁) (က) အရ၊ တိုက်ရိုက်ခန့်ထားရမည့်အဖွဲ့ဝင်ဦးရေသည်၊ နည်းဥပဒေ ၃ အရ၊ သတ် မှတ်သည့်အဖွဲ့ဝင်ဦးရေ၏ရာခိုင်နှုန်း ၅၀ ဖြစ်၍၊ နည်းဥပဒေခွဲ(၁) (ခ) အရ၊ ရွေးချယ်ခန့်ထားရမည့်အဖွဲ့ ဝင်ဦးရေသည်၊ ကျန်ရာခိုင်နှုန်း ၅၀ ဖြစ်ရမည်။ အကယ်၍ သတ်မှတ်သည့်အဖွဲ့ဝင်ဦးရေမှာ မ ဂဏန်းဖြစ် နေလျှင်၊ အဆိုပါရာခိုင်နှုန်း ၅၀ ကျစီဖြင့် အချိုးကျခန့်ထားရမည့် အဖွဲ့ဝင် ဦးရေထက်ပိုသော အဖွဲ့ဝင် တဦး အတွက် နည်းဥပဒေခွဲ (၁)၏အပိုဒ် (က)နှင့် (ခ)အရ၊ တလှည့်စီခန့်ထားရမည်။

## အပိုင်း ၄

## အရည်အချင်း

၅။ ။ နည်းဥပဒေ ၄(၁) (က) အရ၊ တိုက်ရိုက်ခန့်ထားရန်အတွက်စာမေးပွဲဝင်ရောက်ဖြေဆိုလိုသူသည်-

(က) ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ခန့်ထားမည့်နှစ် အောက်တိုဘာလ ၁ ရက်နေ့တွင်အသက် ၁၈ နှစ်ပြည့်ပြီးဖြစ်၍၊ အသက် ၂၅ နှစ်ထက်မကျော်လွန်စေရ။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာများတင်ပြနိုင်ရမည်။

(ဃ) ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ ၁၉၆၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတက္ကသိုလ်ပညာ ရေးဥပဒေပုဒ်မ ၃ အရ၊ ဖွဲ့စည်းသည့်တက္ကသိုလ်၊ သို့မဟုတ် အခြားအသိအမှတ်ပြုတက္ကသိုလ် မှကျင်းပသည့်ဒုတိယနှစ်သိပ္ပံစာမေးပွဲကိုဖြစ်စေ၊ ဒုတိယနှစ် ဝိဇ္ဇာစာမေးပွဲကိုဖြစ်စေ၊ သင်္ချာဘာသာဖြင့်အောင်မြင် သူဖြစ်ရမည်။

(င) ကျန်းမာသန်စွမ်း၍ မျက်စေ့ကောင်းသူဖြစ်ရမည်။

၆။ ။ နည်းဥပဒေ ၄ (၁) (ခ) အရ၊ ရွေးချယ်   ခန့်ထားရန်အတွက် အမည်တင်သွင်းခြင်းခံရသူသည်-

(က) မြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ကြေးတိုင်နှင့် မြေစာရင်းဌာနခွဲ လက်အောက်ခံ အမှုထမ်းအဖွဲ့တွင်အမှုထမ်းသက် အနည်းဆုံး ၁၀ နှစ်ရှိပြီးသူဖြစ်ရမည့်အပြင်၊ မြေစာရင်းအင်စပတ်တော်ရာထူးအဆင့်အတန်းအောက်မနိမ့်သော ရာထူး တွင် စုစုပေါင်းလုပ်သက်အနည်းဆုံး ၃ နှစ်ရှိရမည်။

(ဂ) တန်းမြင့်မြေတိုင်းပညာရပ်သင်တန်းကို အောင်မြင်ပြီးသူဖြစ်ရမည်။

(ဃ) သက်ဆိုင်ရာ ခရိုင်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မီတီက၊ အမည်ပေးသွင်းသူဖြစ်ရမည်။

(င) အနည်းဆုံးမြန်မာစာ ၉ တန်းအောင်မြင်သူဖြစ်ရမည်။

**ခြွင်းချက်**။ ။ သို့သော် ၁၉၆၄ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့မတိုင်မီက ကြေးတိုင်နှင့်မြေစာရင်းဌာနခွဲတွင် အမှုထမ်းဆောင်ခဲ့သူဖြစ်က၊ ပညာအရည်အချင်းကိုလျော့ပေါ့စဉ်းစားမည်။

## အပိုင်း ၅



Myanmar Law Information System (MLIS)

**အမှုထမ်းစည်းကမ်း**

၇။ ။ (၁) နည်းဥပဒေ (၄) (၁) (က) အရ တိုက်ရိုက်ခန့်ထားခြင်းခံရသူသည်၊ အစမ်းခန့်ထားခြင်းခံရမည်ဖြစ်၍၊ သတ်မှတ်သည့် အစမ်းခန့်ကာလအပိုင်းအခြား အတွင်းမြေတိုင်းပညာရပ်နှင့် မြေစာရင်းဌာနခွဲဆိုင်ရာ ပညာရပ်များအပြင်၊ အခြေခံစိုက်ပျိုးရေးပညာရပ်များကို သင်ကြား၍၊ သတ်မှတ်သည့်စာမေးပွဲများကို ဖြေဆိုရမည်။ အစမ်းခန့် ကာလအတွင်း လစာနှုန်းထားကျပ် ၂၀၀- ၁၀-၃၀၀-တွင်ကနဦးလစာ ကျပ် ၂၀၀ သာ ထုတ်ယူခွင့်ရှိသည်။

(၂) အစမ်းခန့်ကာလပြီးဆုံး၍ သတ်မှတ်သည့် စာမေးပွဲများအောင်မြင်ပါက၊ ဝန်ထမ်းအဖွဲ့တွင်အမြဲတန်း ခန့်ထားခြင်းခံရမည်။ ယင်းသို့အမြဲတန်းခန့်ထားသည့်အခါ၊ အစမ်းခန့်ကာလအတွင်းနှစ်တိုးတွက်ချက်၍ လစာငွေကို ရာထူးခန့်ထားသည့် အာဏာပိုင်က သတ်မှတ်ရမည်။ သို့ရာတွင် အစမ်းခန့်ကာလအတွင်း သာမန်အားဖြင့် ခံစားခွင့်ရမည့်နှစ်တိုးဟောင်းများကိုမူ ထုတ်ယူခွင့်မရှိချေ။

၈။ ။ နည်းဥပဒေ ၄ (၁) (ခ) အရ ရွေးချယ်ခန့်ထားခြင်းခံရသောအဖွဲ့ဝင်၏ လစာနှုန်းထားမှာ ကျပ် ၂၀၀- ၁၀-၃၀၀- ဖြစ်သည်။ ၎င်း၏ ရာထူးတွင် တနှစ်အတွင်းသတ်မှတ်သည့်တာဝန်ဝတ္တရားဆောင် ရွက်ခြင်းကိုကြေနပ်ပါက၊ ရာထူးလစ်လပ်ခြင်းရှိလျှင်အမြဲတန်း ခန့်အပ်ခြင်းခံရမည်။

**အပိုင်း ၆**

**ရာထူးစဉ်သတ်မှတ်ခြင်း**

၉။ ။ နည်းဥပဒေ ၄ (၁) (ခ) အရ မြေစာရင်းဝန်ထမ်း(အငယ်တန်း) သို့ရာထူးတိုးတက်ခန့်ထားခြင်းခံရ ၍၊ နည်းဥပဒေ ၈ အရ အမြဲတန်းရရှိသူများသည်၊ ရာထူးစဉ်စာရင်းတွင် နောက်ဆုံးအမြဲတန်းရရှိပြီး သည့်တိုက်ရိုက်ခန့် မြေစာရင်းဝန်ထမ်း (အငယ်တန်း) ၏အောက်၌ထားရှိရမည်။

အမိန့်အရ၊

ချို့ထွန်း၊

အတွင်းဝန်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရ၊

လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးဌာန။

Myanmar Law Information System (MLIS)